# ချင်းပြည်နယ် လွှတ်တော်

# ချင်းပြည်နယ်
# ယစ်မျိုးခွန်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် – ၁၂)

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

# ချင်းပြည်နယ်

# ယစ်မျိုးခွန်ဥပဒေ

(၂၀၁၃ခုနှစ်၊ ချင်းပြည်နယ် လွှတ်တော်ဥပဒေအမှတ် - ၁၂)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

## အခန်း ( ၁ )

## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေသည် **ချင်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချင်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာ သက်ရောက်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်။

(ဃ) **ပြည်နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအကဲကို ဆိုသည်။

(င) **ယစ်မျိုးခွန်** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း၊ အရက်ပျံပါသည့်အရက်များ သို့မဟုတ် ယစ်မူးစေတတ်သောအရာများနှင့်စပ်လျဉ်းပြီး စီမံခန့်ခွဲသည့် သို့မဟုတ် အမိန့်ချမှတ်သည့် အခွန်၊ အကောက်၊ အခ၊ လျော်ကြေး၊ ပြစ်ဒဏ် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ပစ္စည်းတစ်စုံတစ်ရာမှ ရရှိသည့် သို့မဟုတ် ရထိုက်သည့်အခွန်ကို ဆိုသည်။ သို့သော် ထိုစကားရပ်တွင် သက်ဆိုင်ရာတရားရုံးက ချမှတ်သည့်ငွေဒဏ် မပါဝင်။

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း (Excisablearticle)** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း၊ အရက်ပျံပါသည့် ပြည်တွင်းချက်အရက်များနှင့် နိုင်ငံခြားအရက်များ အပါအဝင် ယစ်မူးစေတတ်သောအရာများပါ တစ်စုံတစ်ရာကို ဆိုသည်။

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable goods)** ဆိုသည်မှာ ပေးဆောင်ရသည့် ယစ်မျိုးခွန်နှင့် စပ်လျဉ်းပြီး ပြည်တွင်း ပြည်ပမှ ထုတ်လုပ်သည့်အရက်ပျံပါချက်အရက်များ၊ နိုင်ငံခြားအရက်များ၊ ဘီယာများ၊ သောက်ပျော်သည့်အရက်၊



မူလသတ္တိပျက်ပြီးအရက်စသည်ဖြင့် သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်။

(ဇ) **အရက် (Alcoholic Liquor)** ဆိုသည်မှာ ပမာဏအားဖြင့် (Alcoholic Liquor) ၂%ထက်ပို၍ ပါဝင်သောအရည်များကို ခေါ်သည်။ ၎င်းတို့တွင် ထန်းရည်နှင့် ဤဥပဒေအရ အရက် (Alcoholic Liquor)ဖြစ်ကြောင်း မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသောအရာများလည်း ပါဝင်သည်။

(ဈ) **ဘီယာ (Ale.Stout.Porter)** ဆိုသည်မှာ ဤဥပဒေအရ သော်လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သော်လည်းကောင်း(Ale.Stout.Porter)နှင့် မုယောစပါးကို ကစော်ဖောက်၍ ပြုလုပ်လေ့ရှိသော အရက်ပျံပါဝင်သည့် အခြားအရက်များ အပါအဝင်မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသော အရာများကိုဆိုသည်။

(ည) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပျံပါဝင်သော မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုသည်။

(ဋ) **ထန်းရည် (Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ၊ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့် အပင်အမျိုးမျိုးမှထွက်သော အရည်ကိုဆိုသည်။

(ဌ) **တည်အရက် (Fermenter Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပျံပါဝင်သည့် အရက်ကို ဆိုသည်။ (လှော်ဇာရည်၊ ခေါင်ရည်စသည်များ)

(ဍ) **သောက်ပျော်သောအရက် (Potable Ancoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အရက်ပျံပါဝင်သည့်အရက်တစ်မျိုးမျိုးကို ဆိုသည်။

(ဎ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လူတို့သောက်သုံးရန် မသင့်အောင်ပြုပြင်ပြီးသည်ကို ဆိုသည်။

(ဏ) **ချက်လုပ်ခြင်း** ဆိုသည်မှာ စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ၊ ယစ်မျိုးသက်ဝင်ရာ တစ်စုံတစ်ရာကို ထွက်ရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှအရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ပါဝင်သည်။

(၂) ပြန်၍ပေါင်းခံခြင်း (Redistillation)။

(၃) အရက်ပြန် ပါဝင်သည့်အရက်ကို ပြုပြင်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု (Retail and Whole Sale)** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ များနှင့် အညီ အချင်၊ အတွယ်၊ အတိုင်းရောင်းချခြင်းကို ဆိုသည်။



(ထ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကိုဆိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အရက်သေစာသောက်စားသည့် အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်း မရှိစေရန်။

(ခ) သေရည်သေရက်ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု ရောင်းချမှု မရှိစေရန်။ ဥပဒေနှင့်အညီ စည်းကမ်းတကျ ရောင်းချရန်။

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန်အလို့ငှာသာ မဟုတ်ဘဲ တရားမဝင် ချက်လုပ်သည့်အရက်များ ဝယ်ယူသောက်သုံးခြင်းကြောင့် အရက်ကြောင့်ဖြစ်ပွားသောရောဂါများ လျော့နည်းစေရန်နှင့် သေရည်သေရက် ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူစေရန်။

(ဃ) ပြည်နယ်အတွင်း ပြည်သူလူထုအကျိုးပြုလုပ်ငန်းများပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ တိုးတက်ရရှိစေရန်။

## အခန်း (၃)

## ယစ်မျိုးခွန် နှုန်းထားများ သတ်မှတ်ခြင်း

၄။ ပြည်နယ် ယစ်မျိုးခွန် ကောက်ခံရေးနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရသည် ဘဏ္ဍာရေးနှစ်အလိုက် ကောက်ခံရမည့်ယစ်မျိုးခွန်နှုန်းထားများကို တစ်နှစ်တစ်ကြိမ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၅၀၀၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားပေးသည့် အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်းအပြေအကျေပေးသွင်းရမည်။

၆။ လိုင်စင်ရရှိသူသည် လိုင်စင် ငွေကျပ် ၅၀၀၀၀၀ အထက်မှ ငွေကျပ် ၃၀၀၀၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားသည့်အချိန်တွင် ကျသင့်ငွေ၏ တစ်ဝက်ကို တစ်ကြိမ်တည်း ပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ် နှစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေး ငွေကျပ် ၃၀၀၀၀၀၀ အထက်ဖြစ်ပါက လိုင်စင် ချထားပေးသည့် အချိန်တွင် ကျသင့်ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်းပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက် အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေ ပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် အစိုးရအဖွဲ့၏သဘောတူညီချက်အရ လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။



## အခန်း(၄)

## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၁၀။ ယစ်မျိုးခွန်ဥပဒေနှင့် ပတ်သက်၍ တားမြစ်ချက်နှင့် ပြစ်ဒဏ်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

(က) ယစ်မျိုးခွန်လိုင်စင်ကြေးပေးသွင်း၍ လုပ်ငန်းလိုင်စင်ရရှိသူသည် ဥပဒေနှင့်အညီ ထုတ်ပြန် သတ်မှတ်ထားသော လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန်တာဝန်ရှိသည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက လိုင်စင်ကို ပြန်လည်သိမ်းယူခွင့် ရှိသည်။

(ဂ) ယစ်မျိုးခွန် ပေးသွင်းထားသော အမျိုးအစားမဟုတ်သည့် ယစ်မျိုးပစ္စည်းများကိုရောင်းချပါက ၁၉၅၄ ခုနှစ်၊ ချင်းဝိဒေသတိုင်းယစ်မျိုးနည်း ဥပဒေများတွင် ပြဋ္ဌာန်းချက်များ နှင့်အညီ အရေးယူခံရမည်ဖြစ်ပြီး ယင်းဥပဒေပါပြစ်ဒဏ်များကို ကျခံစေရမည်။

## အခန်း (၅)

## အထွေထွေ

၁၁။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန်ငွေကြေးအားလုံးကို ပေးဆောင်ရန်ပျက်ကွက်လျှင် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၁၃။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ထုတ်ပြန်နိုင်သည်။

xxxxxxxxxxxxxxx

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ
ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဟုန်းငိုင်း)
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့